ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

**နေ့စွဲ။** ။ စက်တင်ဘာလ (၂၁) ရက်၊ ၂၀၂၀ ခုနှစ်။

## “အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့” နှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထား ထုတ်ပြန်ကြေညာချက်

၂၀၂၀ ခုနှစ် စက်တင်ဘာလ (၂၁) ရက် တွင်ကျရောက်မည့် (၃၉) ကြိမ်မြောက် “အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့” အတွက် ကမ္ဘာ့ကုလသမဂ္ဂ မှ “အတူတကွ ငြိမ်းချမ်းရေးကို ပုံဖော်ခြင်း” (Shaping Peace Together) ဆိုသည့် ဆောင်ပုဒ်ချမှတ်ထားပါသည်။

ဤနေ့တွင် ငြိမ်းချမ်းရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားများအား ကရုဏာတရား၊ အကြင်နာတရား နှင့် ကမ္ဘာအနှံ့ဖြစ်ပွားနေသော ကပ်ရောဂါဆိုးကိုကျော်လွှားနိုင်ရေး မျှော်လင့်ချက်များပေးအပ်ကြရန်နှင့် ကပ်ရောဂါကြောင့် ခွဲခြားဆက်ဆံမှုများ နှင့် အမုန်းတရားများကို ဆန့်ကျင်လျက် ဦးတည်ကျင်းပပြုလုပ်သွားရန် အကြံပြုထားခြင်းကို လှိုက်လှဲစွာ ထောက်ခံကြိုဆိုပါသည်။

၂၀၂၀ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်ကို ထင်ဟပ်စေရေးအတွက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် ပကတိအခြေအနေနှင့် လိုက်လျောညီစွာ ပြင်ဆင်မွမ်းမံပြီး ကျယ်ပြန့်သည့်ပါဝင်မှုဖြင့် လေးနက်စွာ လုပ်ဆောင်ရန်လိုအပ်ပါသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ရန်သူအားမိတ်ဆွေအဖြစ် အသွင်ပြောင်းလဲသည့် လုပ်ငန်းစဉ်ဖြစ်သည့်အားလျော်စွာ တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ရပါမည်။ ဖယ်ကြဉ်ထားခြင်းခံရသည့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၊ ပါတီအဖွဲ့အစည်းများ၏ ပါဝင်မှုကို သေချာစေရန်လိုအပ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပူးတွဲယန္တရားများကို တိုးတက်ကောင်းမွန်ရေးပြုလုပ်ပြီး၊ အသိပညာရှင်၊ အတတ်ပညာရှင်များအား ဘက်မလိုက်သည့် တတိယအင်အားစုအဖြစ် စနစ်တကျထည့်သွင်းပါဝင်ရန် အထူးလိုအပ်ပါသည်။ အပြန်အလှန်လေးစားကာ ဖိအားပေးလိုက်လျောစေမှုကင်းပြီး ညှိနှိုင်းဆွေးနွေး အဖြေရှာသည့် ရလဒ်ကိုအခြေခံသည့် လုပ်ငန်းစဉ်ဖြစ်ရပါမည်။

လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အကြား ဆုံရပ်ထားရှိခြင်းသည် နိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကိုဖော်ဆောင်ပြီး ကောင်းမွန်သောအနာဂတ်အတွက် မျှော်

လင့်ချက်ကိုဖြစ်ပေါ်စေသည့်အတွက် လွှတ်တော်တွင်းလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးသဘောတူညီချက်များအကြား ချိတ်ဆက်သည့် ယန္တယားများကို ဖန်တီးရပါမည်။

ထို့အပြင် Covid-19 ကပ်ဘေးဆိုးကိုကျော်လွှားနိုင်ရေးမျှော်လင့်ချက်များဝေဖြင့်ခြင်းနှင့် ကပ်ရောဂါကြောင့်ထပ်ဆင့်ဖြစ်ပေါ်လာရသော ခွဲခြားဆက်ဆံမှုများနှင့် အမုန်းတရားများကို ဆန့်ကျင်နိုင်ရေးအတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ကပ်ရောဂါဆန့်ကျင်သည့် လူထုကျန်းမာရေး၊ ကာကွယ်ရေးလုပ်ငန်းများတွင်လည်းအစိုးရနှင့်တပ်မတော်အနေဖြင့် အပြုသဘောဆောင်ညှိနှိုင်းခြင်းဖြင့် ပါဝင်လုပ်ဆောင်သွားရန်ကိုလည်း တောင်းဆိုပါသည်။

ငြိမ်းချမ်းရေးဆိုသည်မှာ လူ့ဂုဏ်သိက္ခာနှင့် အပြန်အလှန်လေးစားမှု၊ မေတ္တာတရားနှင့် သည်းခံခြင်းတရား၊ အမုန်တရားနှင့် တရားမျှတမှု၊ စသည့် တန်ဘိုးများအား မျှဝေ၊ လေးစားကိုင်စွဲခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးသည် နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်း၊ ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်းသာမက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူညီကွဲပြားမှုများအကြား၊ ပဋိပက္ခတွင်ပါဝင်သည့် ဆန့်ကျင်ဖက်များအကြား၊ စသည်တို့၏ ပေါင်းသင်းဆက်ဆံမှုများအသွင်ပြောင်းလဲခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်သည်ဟု KNU မှ ယုံကြည်ပါသည်။

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**<br>**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)